# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 18, 2025 Volume 94, Number 14


၁၈. ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၈၃.၀၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၀.၈၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၆၂.၅၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၉၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၄၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၀.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၉၄ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## AI နည်းပညာများအသုံးပြုကာ ၂၂ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (CAEXPO) ကို စတင်ဖွင့်လှစ်




၂၂ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (CAEXPO)ကို တရုတ်နိုင်ငံ၊ နန်နင်းမြို့၌ စက်တင်ဘာလ ၁၇ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး "ဒစ်ဂျစ်တယ် ဉာဏ်ရည်နှင့် ဆန်းသစ်တီထွင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်ကာ တရုတ်-အာဆီယံ FTA 3.0 ၏ အခွင့်အလမ်းသစ်များဖြင့် ပိုမိုနီးကပ်သော တရုတ်-အာဆီယံ ကံကြမ္မာအကျိုးတူအသိုက်အဝန်းကိုတည်ဆောက်ခြင်း ခေါင်းစဉ်ဖြင့် ဖွင့်လှစ်ခဲ့ပါတယ်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားဲ၌ တရုတ်နိုင်ငံ ဒုတိယသမ္မတ ဟန်ကျန့်က အဓိကမိန့်ခွန်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ဝန်ကြီးချုပ် ဦးညိုစော၊ လာအိုနိုင်ငံ၏ ဒုတိယသမ္မတ Bounthong Chitmany၊ ကမ္ဘောဒီးယားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ကောင်စီရုံးဝန်ကြီး Vongsey Vissoth၊ မလေးရှားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် စွမ်းအင်ပြောင်းလဲမှုနှင့်ရေအရင်းအမြစ်ပြောင်းလဲရေးဝန်ကြီးဌာနဝန်ကြီး Fadillah Yusof နှင့် ဗီယက်နမ်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် Mai Vn Chnh တို့ကလည်း မိန့်ခွန်းများအသီးသီးပြောကြားခဲ့ကြောင်း သိရပါတယ်။

ဒါ့ပြင် တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ယန်တုန်း၊ တရုတ်နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ ရန်ဟုန်ပင်းနှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီကော်မတီအတွင်းရေးမှူး ချန်ကန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သလို အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် Kao Kim Hourn ကလည်း အခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့ပါတယ်။

CAEXPO သို့တက်ရောက်လာသူအားလုံးက သက်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများအကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အဆိုပြုချက်၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအဆိုပြုချက်၊ ကမ္ဘာလုံးဆိုင်ရာလူမှုယဉ်ကျေးမှုဆိုင်ရာ အဆိုပြုချက်နှင့် ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်ရေးအဆိုပြုချက်တို့ကို အတူတကွရှေ့ဆက်အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း အလေးထား ပြောကြားခဲ့ပါတယ်။

ထို့အတူ ပိုမိုနီးကပ်သော ဘုံအနာဂတ်အသိုက်အဝန်းတစ်ခုကို ပူးပေါင်းအကောင်အထည်ဖော်ရန်၊ ထွန်းသစ်စ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းလာစေရန်၊ AI ဒစ်ဂျစ်တယ် စီးပွားရေး၊ စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားသော ထုတ်လုပ်မှုစွမ်းအား အရည်အသွေးသစ်များအပေါ် အာရုံစိုက်ပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်သစ်များဖြင့်လုပ်ဆောင်ရန်၊ စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်ရန်၊ CAFTA V3.0 ကို ပူးပေါင်းတည်ဆောက်ရန်နှင့်တည်ငြိမ်ချောမွေ့သော နယ်စပ်ဖြတ်ကျော်စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များကို တည်ဆောက်၍ စီးပွားရေးကမ္ဘာလုံးဆိုင်ရာဖြစ်မှုအတွက် အပြုသဘောဆောင်သော စွမ်းအင်များပံ့ပိုးပေးရန်လည်း ကတိပြုခဲ့ကြတယ်လို့ သိရပါတယ်။


ထို့ပြင် တရုတ်-အာဆီယံချစ်ကြည်ရေးရေရှည်တည်တံ့မှုအတွက် ပြည်သူအချင်းချင်းဖလှယ်မှုများက အရေးပါကြောင်း အားလုံးက သဘောတူခဲ့ကြသလို အပြန်အလှန်နားလည်မှု၊ ရင်းနှီးမှုနှင့်ပေါင်းစည်းမှုကိုမြှင့်တင်ရန်အတွက် ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ လူငယ်နှင့်ပညာရေးဆိုင်ရာဖလှယ်မှုများကို နက်ရှိုင်းစွာဆောင်ရွက်ရန်လည်း တိုက်တွန်းခဲ့ကြပါတယ်။

AI နည်းပညာအသုံးပြုခဲ့သည့် ဖွင့်ပွဲအခမ်းအနားဟာ AI နည်းပညာနှင့်ထုတ်ကုန်များ၏ ပွဲဦးထွက်ဖြစ်ပြီး ဘာသာစကားမျိုးစုံသုံး AI တိုက်ရိုက်ဘာသာပြန်ဆိုမှု၊ AI ဒစ်ဂျစ်တယ် အစီအစဉ်တင်ဆက်သူနှင့် AI မှ ထုတ်လုပ်သည့်အကြောင်းအရာများပါဝင်ကာ တရုတ်နှင့်အာဆီယံအကြား ဆန်းသစ်တီထွင်သော AI ပူးပေါင်းဆောင်ရွက်မှုကို ပြသခဲ့ပါတယ်။

CAEXPO ဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးများ၊ သံတမန်များ၊ ဒေသဆိုင်ရာအစိုးရခေါင်းဆောင်များအပြင် ကုန်သည်ကြီးများအသင်းနှင့် အဖွဲ့အစည်းများမှခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များအပါအဝင် လူပေါင်း ၁,၂၀၀ ကျော် တက်ရောက်ခဲ့တယ်လို့လည်း သိရပါတယ်။

**Source : Myanmar Future News Agency**

## ရန်ကုန်ဈေးကွက်မှာ ကားဝင်နည်းသည့်အတွက် ကြက်သွန်နီဈေးပြန်တက်လာ




ကားအဝင်နည်းနေသည့်အတွက် ကြက်သွန်နီဈေး ပြန်တက်လာကြောင်း ကုန်စည်ဒိုင်များထံမှ သိရသည်။

ကြက်သွန်များ ကုန်သွယ်ရာတွင် ထောက်ခံစာများယူနေရပြီး လမ်းကြောင်း အခြေအနေများမကောင်းသည့်အတွက် ရောင်းသူ၊ ဝယ်သူများ အရောင်းအဝယ်အခက်တွေ့နေကာ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကြက်သွန်နီကားများ အဝင်နည်းနေကြောင်း သိရသည်။

"လမ်းကြောင်းတွေ မကောင်းတော့ ဘုရင့်နောင်ပွဲရုံမှာကားအဝင်နည်းတယ်။ မုံရွာ၊မင်းဘူးကားအားလုံးပြတ်တော့ မထင်မှတ်ဘဲကားဝင်နည်းပြီး ပြန်သွက်တဲ့သဘောပါ။ ၂ရက်လောက်ကားဝင်နည်းတော့ ရန်ကုန်ဝယ်သူတွေပျာယာခတ်နေတယ် ဆက်ပြီးကားဝင်နည်းရင် ဈေးတက်မယ်"ဟု ကြက်သွန်နီကုန်သည်တစ်ဦးကပြောသည်။

ကြက်သွန်နီမှာ ရန်ကုန်ဈေးကွက်တွင် အရောင်းအဝယ်သွက်လာနေပြီး တစ်ပိဿာလျှင် ၁၀၀ မှ ၂၀၀ ကျပ်အထိ ပြန်လည်မြင့်တက်နေကြောင်း ပွဲရုံများထံမှ သိရသည်။

ဘုရင့်နောင်ပွဲရုံတွင် အရွယ်အစားနှင့်အရည်အသွေးပေါ်မူတည်ကာ မြင်းခြံ တစ်ပိဿာလျှင် ၆၀၀ ကျပ်မှ ၁၄၀၀ ကျပ်၊ ဆိပ်ဖြူကြက်သွန် တစ်ပိဿာလျှင် ၆၅၀ ကျပ် မှ ၁၆၅၀ ကျပ် အသီးသီးရှိပြီး မုံရွာကြက်သွန်နီက တစ်ပိဿာလျှင် ၈၀၀ ကျပ် မှ ၁၆၅၀ ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် တစ်နေ့လျှင် ပျမ်းမျှ ကြက်သွန်ကား အစီးရေ ၃၀ ကျော်အထိ ဝင်ရောက်နေသော်လည်း အခုရက်ပိုင်းတွင် ယာဉ်အစီးရေ ၂၀ အောက်သာ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဈေးတက်လာသော်လည်း ကြက်သွန်နီများမှာ တောင်သူလက်ထဲတွင် လက်ကျန်နည်းနေပြီဖြစ်ကြောင်း တောင်သူတချို့ထံက သိရသည်။

ထို့ကြောင့် လက်ကျန်ထိန်းရောင်းသင့်ကြောင်း ၊ ဆယ်လပိုင်းတွင် ဈေးတက်နိုင်သည့် အနေအထားတွင်ရှိ၍ တောင်သူကြီးများအနေဖြင့်ဈေးကောင်းရနိုင်ကြောင်း ကုန်သည်တစ်ဦးက သုံးသပ်ထားသည်။

"စိုက်စရိတ်ရဖို့အတွက် ပေါ်လာတာနဲ့ ရောင်းနေရတဲ့ တောင်သူတွေအဖို့ ဈေးကောင်းမရပါဘူး ၊ အမြတ်နည်းနည်းရတာနဲ့ထုတ်ရပါတယ်။

ဈေးကောင်းချိန်က ကုန်သည်တွေလက်ထဲရောက်ရင် ဈေးကောင်းပါပြီ" ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။ လက်ရှိ လက်လီဈေးကွက်မှာ အတက်ဈေးတွင်ရှိနေသော်လည်း တောဈေးမှာတော့ ဈေးထင်သလောက်မရရှိကြောင်းလည်း တောင်သူများထံက သိရသည်။

လမ်းပန်းဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးခက်ခဲသည့်နေရာများတွင် ကုန်အဝင်နည်း၍ ကြက်သွန်လက်လီဈေးတက်နေရခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကထွက် ကြက်သွန်များကို ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source :** https://htwettoe.com/

TIR

## မန္တလေးမြေထောက်ပဲဈေးကွက်




မြေထောက်ပဲမှာ ပြည်တွင်းစားသုံးမှုများပြားပြီး၊ ပြည်ပသို့တင်ပို့သည့် ပဲတစ်မျိုးဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတွင် ပဲမျိုးစုံစိုက်ပျိုးမှုများပြားပြီး၊ ၂၀၂၄-၂၀၂၅ ခုနှစ် မြေထောက်ပဲ သီးနှံအပါအဝင်ပဲမျိုးစုံ စိုက်ပျိုးမှု ၁,၀၁၉,၄၇၇ ဧကဖြစ်ကြောင်းသိရသည်။

မန္တလေးပွဲစား၊ကုန်သည်၊စက်ပိုင်များမဟာကထိန်တော် အသင်းတွင် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ပထမပတ်အတွင်း ဖြစ်ပေါ်လျက်ရှိသော ၃တင်းဝင်တစ်အိတ်လျှင် မြေထောက်ပဲ ပေါက်ဈေးမှာ ၂၆၀,၀၀၀ ကျပ်နှင့်၂၉၀,၀၀၀ကျပ်၊ တစ်ပိဿာပေါက်ဈေးမှာ ၄၈၁၅ ကျပ်နှင့် ၅၃၇၀ ကျပ်တို့ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်ကာလတူ မြေထောက်ပဲပေါက်ဈေးမှာ ၃ တင်းဝင်တစ်အိတ်လျှင် ၃၁၀,၀၀၀ကျပ် နှင့် ၃၆၀,၀၀၀ ကျပ်၊ တစ်ပိဿာဈေးမှာ ၅၇၄၁ ကျပ်နှင့် ၆၆၆၇ ကျပ်ဖြစ်ပြီး ယခုနှစ်နှင့်ယခင်နှစ်ဈေးနှိုင်းယှဉ်ပါက မြေထောက်ပဲပေါက်ဈေးမှာ လျော့နည်းသွားကြောင်း သိရသည်။

**Source : DOCA (မန္တလေး)**

## ရန်ကုန်ဈေးကွက်၌ တိုက်ခန်းများ ဝယ်/ရောင်းပြန်ဖြစ်လာ



မန္တလေးငလျင်ကြီးလှုပ်ခတ်အပြီး အေးနေခဲ့တဲ့ အထပ်မြင့်တိုက်ခန်းနဲ့ ကွန်ဒိုဈေးကွက်ဟာ အခုချိန်မှာ အရောင်းအဝယ် ပြန်ဖြစ်လာတယ် ရန်ကုန် အိမ်ခြံမြေဈေးကွက်က သိရပါတယ်။

ငလျင်ကြီးလှုပ်ခတ်ခဲ့ပြီးနောက် ဝယ်သူတွေက အထပ်မြင့်တိုက်ခန်းနဲ့ ကွန်ဒိုတွေကို ဝယ်ယူရမှာကြောက်ကြတဲ့အတွက် အရောင်းအဝယ်တွေ မရှိသလောက် အေးသွားခဲ့တာပါ။

အခုနောက်ပိုင်းမှာတော့ ဆောက်လုပ်ရေးကုမ္ပဏီနဲ့ တိုက်အရည်အသွေးပေါ်မူတည်ပြီး အရောင်းအဝယ်ပြန်ရှိလာတယ်လို့ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးကိုကိုလေးက ပြောပါတယ်။

လက်ရှိ ရန်ကုန် အိမ်ခြံမြေဈေးကွက်မှာ ကျပ်သိန်း ၃၀၀၀ ကနေ ကျပ်သိန်း ၅၀၀၀ ဝန်းကျင် တန်ဖိုးရှိအလွှာနိမ့် တိုက်ခန်းနဲ့ ကွန်ဒိုအမျိုးအစားတွေ၊ ကျပ်သိန်း ၁ သောင်းအထက်မြေကွက်တွေ အရောင်းအဝယ်ဖြစ်နေတယ်လို့ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောပါတယ်။

ရန်ကုန် အိမ်ခြံမြေ အငှားဈေးကွက်မှာတော့ ငှားရမ်းခအများဆုံးရတဲ့ နိုင်ငံခြားသားအငှားဈေးကွက်ပျောက်နေဆဲဖြစ်ပြီး ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူတွေနဲ့ အငှားဈေးကွက်လည်ပတ်နေတယ်လို့ ဆိုပါတယ်။

ဒီနှစ်ပိုင်းတွေမှာ ရန်ကုန်ကို ပြောင်းရွှေ့နေထိုင်သူတွေ များလာတဲ့အတွက် တိုက်ခန်းအငှားဈေးနှုန်းတွေက မြင့်တက်နေပြီး ကျပ် ၁၀ သိန်းအောက် တိုက်ခန်းတွေ အများဆုံး ငှားရမ်းနေရတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံနေကြာ စိုက်ခင်းများ စတင်ရိတ်သိမ်း



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံနေကြာစိုက်ခင်းများကိုဒေသခံတောင်သူများက စက်တင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခြွေလှေ့ရာတစ်ဧကလျှင် ၁၉ ဒသမ ၃ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာဧက ၁၁၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့ချိန် ရောက်ရှိပြီဖြစ်၍ ဒေသခံတောင်သူများက ယခုနှစ်စက်တင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧက ၈၀ ခန့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာပွင့်ဖြူမြို့နယ်မှာ နေကြာဧက ၁၁၂၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့နေကြာစိုက်ခင်းတွေကိုစက်တင်ဘာလပထမပတ်ကစပြီး ရိတ်သိမ်းခြွေလှေ့ခဲ့တာ လက်ရှိမှာ ဧက ၈၀ လောက် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။

နေကြာစိုက်ခင်းတွေအောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့်ပြီးခဲ့တဲ့နှစ်ကလိုပဲ အထွက်နှုန်းကောင်းပါတယ်။ တစ်ဧကကို ၁၉ ဒသမ ၃ တင်း လောက် ထွက်ရှိပါတယ်။ နေကြာရိတ်သိမ်းခြွေလှေ့တာနဲ့ ပတ်သက်ပြီး သီးနှံအထွက်နှုန်းတွေ လျော့နည်းမှု မဖြစ်အောင် တောင်သူတွေကိုအချိန်မီရိတ်သိမ်းခြွေလှေ့ကြဖို့၊ သီးနှံအရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက် စနစ်တကျ

သိမ်းဆည်းကြဖို့ အသိပညာပေးတာတွေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးစရိတ်အကုန်အကျသက်သာပြီး သီးနှံဝင်ငွေပိုမိုရရှိသည့် နေကြာစိုက်ပျိုးရေး လုပ်ငန်းကို ဒေသခံတောင်သူများက မိုးရာသီနှင့်ဆောင်းရာသီတို့တွင် အဓိကလုပ်ကိုင်ကြကြောင်း၊ ယခုနှစ် နေကြာစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနကသီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးတို့အပြင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီပေးခြင်း၊ စိုက်ပင်အရေအတွက် ပြည့်မီစေရန် စိုက်ပျိုးရေးအသိပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်ပေးခြင်းစသည့်တောင်သူအသိပညာပေးလုပ်ငန်းများကိုပံ့ပိုးကူညီဆောင်ရွက်ပေးသဖြင့် မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကိုဖူလုံစေရုံမျှမကပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီးတောင်သူများ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း သင့်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ဇီဝလောင်စာတင်သွင်းနေရသည့်နိုင်ငံအဖြစ်မှ ဇီဝလောင်စာတင်ပို့သည့်နိုင်ငံဖြစ်လာသည့် တောင်ကိုရီးယားနိုင်ငံ

ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုသည့်နိုင်ငံအဖြစ်သို့ ကူးပြောင်းနေသည့် တောင်ကိုရီးယားနိုင်ငံသည် တစ်ချိန်က ဇီဝလောင်စာများနှင့် ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ အဓိကထားတင်သွင်းခဲ့ရသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ခဲ့ရသည်။

သို့သော် ယခုအခါဇီဝလောင်စာများတင်ပို့သည့်နိုင်ငံဖြစ်လာသည့်အပြင်ကမ္ဘာ့ဈေးကွက်တွင် ဦးဆောင်တင်ပို့ရောင်းချသည့်နိုင်ငံဖြစ်လာမည့်အလားအလာများကြောင့်ကနေဒါနိုင်ငံ၊အော်စလိုမြို့အခြေစိုက် RystadEnergy's၏ကမ္ဘာ့ဇီဝစွမ်းအင်ဈေးကွက်သုတေသနဌာန(Global Bioenergy Market Research Division) မှ သုတေသီ Mr. Lars Klesse က ပြောကြားခဲ့သည်။

ယခင်က တောင်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံနှင့်မလေးရှားနိုင်ငံအပါအဝင် အခြားသောနိုင်ငံများမှ စားအုံးဆီနှင့် အသုံးပြုပြီးဟင်းချက်ဆီ(used cooking oil-UCO)များကဲ့သို့သော ဇီဝလောင်စာကုန်ကြမ်းများတင်သွင်းမှုအပေါ် အားကိုးနေရသည့်နိုင်ငံဖြစ်ကြောင်း၊သို့သော်လက်ရှိတွင်တောင်ကိုရီးယားနိုင်ငံ၏ဇီဝလောင်စာကဏ္ဍသည်ခရီးတစ်ခုရောက်နေပြီဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲမည့်လေယာဉ်လောင်စာဆီ(Sustainable Aviation Fuel- SAF) နှင့် Hydro treated Vegetable Oil-HVO (စွန့်ပစ်ဟင်းချက်ဆီများ၊ တိရစ္ဆာန်အဆီများနှင့် ဟင်းသီးဟင်းရွက်ဆီများကဲ့သို့သော ပြန်လည်သုံးစွဲနိုင်သည့် အရင်း အမြစ်များကို ဟိုက်ဒရိုဂျင်ထည့်သွင်းခြင်းဖြစ်စဉ်(High-Pressure Hydrotreatment Process) ဖြင့်ထုတ်လုပ်သောဒီဇယ်ဆီ)ကို ရည်ရွယ်ထုတ်လုပ်ခဲ့မှုအောင်မြင်နေပြီဖြစ်သည့်အတွက် အနာဂတ်တွင် HVO နှင့် SAF တို့အပြင် လောင်စာဆီကုန်ကြမ်းများကို တင်ပို့သည့် နိုင်ငံဖြစ်လာနိုင်ကြောင်း သုတေသီ Mr. Lars Klesse က ပြောကြားခဲ့သည်။

လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံသည် HVO နှင့် SAF တို့ကို ဥရောပသမဂ္ဂနိုင်ငံများ၊မြောက်အမေရိကနှင့်ဂျပန်နိုင်ငံတို့အပါအဝင် ပြည်ပနိုင်ငံများသို့တင်ပို့လျက်ရှိပြီး တင်ပို့မှုပမာဏသည်လည်းမှတ်သားဖွယ်ရာ အခြေအနေရောက်ရှိနေကြောင်း၊ HVO နှင့် SAF ထုတ်လုပ်ရာတွင် အထူးသဖြင့် အသုံးပြုပြီးဟင်းချက်ဆီ (Used Cooking Oil-UCO)ကို ကုန်ကြမ်းအဖြစ် အသုံးချပါကြောင်း၊ ယခင်က တရုတ်နိုင်ငံသည် ကမ္ဘာ့ဈေးကွက်သို့ ဇီဝလောင်စာဆီကုန်ကြမ်းများကို တင်ပို့နေသော်လည်း ယခုအခါ ၎င်းကုန်ကြမ်းများကိုတရုတ်ပြည်တွင်း၌ HVO နှင့် SAF ထုတ်လုပ်ရန် ပြည်ပသို့တင်ပို့မှုမရှိတော့ကြောင်း၊ သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံသည်အဆိုပါအခွင့်အလမ်းကိုအရယူ၍ ကမ္ဘာ့ဈေးကွက်သို့ ဇီဝလောင်စာဆီ ကုန်ကြမ်းများနှင့် လေယာဉ်လောင်စာဆီ (SAF) ကို တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း Mr. Lars Klesse က ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂနိုင်ငံများသည် ကာဗွန်လျှော့ချရေးရည်မှန်းချက်အရ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပြည့်ဖြိုးမြဲစွမ်းအင်များ သုံးစွဲမှုအချိုးအစားကိုမြှင့်တင်ရမည်ဖြစ်သည့်အတွက် အဆိုပါနိုင်ငံများသည်အကြီးဆုံးဈေးကွက်ကြီးအဖြစ်ရပ်တည်နေကြောင်း၊ ဥရောပသမဂ္ဂနိုင်ငံများမှ ပြဋ္ဌာန်းထားသည့် ReFuelEU Aviation Regulation ၏ သတ်မှတ်စည်းမျဉ်းနှင့်မညီပါက ပြစ်ဒဏ်ချမှတ်မည့်အစီအစဉ်များအရည်အသွေးမြင့်လေယာဉ်လောင်စာဆီများဝယ်ယူတင်သွင်းရမည်ဖြစ်သည့်အတွက် တောင်ကိုရီးယားနိုင်ငံမှ SAF တင်ပို့သူများအတွက်ရေရှည်ဖောက်သည်ဖြစ်နိုင်ကြောင်း၊သို့ဖြစ်၍ ရေရှည်တည်တံ့သည့် လေကြောင်းသုံးလောင်စာဆီထုတ်လုပ်မှုတွင် ဦးဆောင်သည့်နိုင်ငံဖြစ်လာစေရေး ရည်ရွယ်ဆောင်ရွက်သင့်ကြောင်းနှင့် SAF တင်ပို့သူများသည် ကမ္ဘာ့လေကြောင်းလိုင်းများနှင့်ချိတ်ဆက်၍ လာမည့် ၇ နှစ်၊ ၁၀ နှစ် (သို့မဟုတ်) ၁၀ နှစ်ထက်ပိုသောနှစ်များတွင် ပုံမှန်ရောင်းလိုအားဖြင့် တင်ပို့ရောင်းချပေးနိုင်ရေး ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သင့်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံသည် ဈေးကွက်ယှဉ်ပြိုင် နိုင်ရန်စက်မှုအခြေခံရှိသောနိုင်ငံဖြစ်သည့်အပြင် နိုင်ငံတကာဈေးကွက်ဝင်ရောက်နိုင်သည့်စွမ်းရည်ရှိပြီး နိုင်ငံဖြစ်သည့်အတွက် အစိုးရအနေဖြင့် ခိုင်မာသည့်မူဝါဒရည်မှန်းချက်များရှိရန်နှင့် ရင်းနှီးမြှုပ်နှံမှုများပိုမိုအားကောင်းလာစေရေးဆောင်ရွက်ရန် လိုအပ်ကြောင်း Mr. Lars Klesse က အကြံပြုခဲ့သည်။

**Source: Korea Herald**

**(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

https://myantrade.gov.mm/

## ကမ္ဘာ့ဒုတိယအကြီးဆုံးဖြစ်လာသည့် တရုတ်နိုင်ငံ၏ဆေးဘက်ဆိုင်ရာလုပ်ငန်း



တရုတ်နိုင်ငံသည် ဆေးဘက်ဆိုင်ရာလုပ်ငန်းသည် ယခုအခါတွင် ကမ္ဘာ့ဒုတိယအကြီးဆုံးဈေးကွက်အဖြစ် ရောက်ရှိနေပြီး ဆန်းသစ်တီထွင်သော ဆေးဝါးများဖွံ့ဖြိုးတိုးတက်မှုနှင့်သုတေသနလုပ်ငန်းများကြောင့် ယခုအခါတွင် ၃၀ ရာခိုင်နှုန်းခန့်တိုးတက်လာကြောင်း သိရသည်။

၎င်းနိုင်ငံသည် ယခုအခါတွင် ကလေးဆေး ၃၈၇ ခုနှင့် ရှားပါးရောဂါများအတွက် ဆေးဝါးထုတ်လုပ်မှု ၁၄၇ ခုကို အတည်ပြုထုတ်လုပ်ခွင့်ပေးလိုက်ကြောင်း တရုတ်နိုင်ငံဆေးဝါး ထုတ်လုပ်ရေးအဖွဲ့အစည်း၏ ဒုဥက္ကဋ္ဌဆိုသူ Yang Sheng က သတင်းအချက်အလက်နည်းပညာဌာနမှ ကျင်းပပြုလုပ်သော ညီလာခံတွင် ပြောကြားခဲ့သည်။

Yang က တရုတ်နိုင်ငံသည် ဆေးဝါးထုတ်လုပ်မှုလုံခြုံရေးနှင့် ဆေးဘက်ဆိုင်ရာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးနှင့် ပြည်သူလူထုအား ဆေးဝါးကုသပေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source: Xinhua**

**DOCA (ရန်ကုန်)**

# STOCK EXCHANGE (18.9.2025)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Sep. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,278 (Shares) | 10,236,250 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 355 | 2,698,000 | 33,109,694 | 251,634 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,200 | 3,200 | 3,200 | 1 | 3,200 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 140 | 1,050,000 | 10,400,986 | 78,007 |
| FPB | 00004 | 2,400 | +300 | +14.29% | 2,150 | 2,400 | 2,150 | 167 | 390,800 | 29,664,613 | 71,195 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,700 | 2,700 | 2,650 | 700 | 1,865,000 | 12,823,224 | 33,982 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 1,522 | 2,951,950 | 19,977,223 | 38,956 |
| AMATA | 00007 | 3,300 | -50 | -1.49% | 3,200 | 3,300 | 3,200 | 383 | 1,243,800 | 10,497,598 | 34,642 |
| MAEX | 00008 | 3,350 | +100 | +3.08% | 3,350 | 3,350 | 3,350 | 10 | 33,500 | 23,804,946 | 79,747 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 18th Sep. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.87 | +7.07 | +1.91% | 371.05 | 377.87 | 371.05 | 3,278 | 10,236,250 | 8 | 712,736 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Sep. 2025

| Trading Volume | Trading Value |
|---|---|
| 3,799 (Shares) | 11,642,950 (MMK) |

## Main Board

As of 1:00 pm, 18th Sep. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,278 (Shares) | 10,236,250 (MMK) |

| MYANPIX | 377.87 ▲ 7.07 |
|---|---|
| Total Volume (shares) | 3,278 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 712,736 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 2,400 | ▲ 300 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 3,300 | ▼ 50 |
| MAEX | 00008 | 3,350 | ▲ 100 |